ဝါးရုံကောက်ကျေးရွာ

ဝါးပတောအုပ်စု၊ဇလွန်မြို့နယ်

ဧရာဝတီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေး

ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဝါးရုံကောက်ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇလွန်မြို့နယ်၏အကူ

အညီဖြင့်ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ဝါးရုံကောက်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ် | ၃ |
| | ဝါးရုံကောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၅ |
| ၁။ | နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| | (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| ၂။ | တည်နေရာနှင့်ပထဝီအနေအထား | ၆ |
| ၃။ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၆ |
| ၄။ | ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ |
| | (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ | ၇ |
| | (ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ | ၈ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု | ၈ |
| | (င) ပညာရေး | ၉ |
| | (စ) ကျန်းမာရေး | ၉ |
| | (ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ |
| | (ဇ) ကျား – မ ရေးရာ | ၁၀ |
| ၅။ | ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၁ |
| နောက်ဆက်တွဲများ | | |
| နောက်ဆက်တွဲ(၁) – | ဖွံ့ဖြိုးရေးဗျူဟာဇယား | ၁၂ |
| နောက်ဆက်တွဲ(၂) – | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏

ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


၂

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီ အစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဝါးရုံကောက်ကျေးရွာ
ဇလွန်မြို့နယ်


## ဝါးရုံကောက်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဇလွန်မြို့နယ်



ရက်စွဲ၊ ၁၀.၇.၂၀၁၈

ရေးဆွဲသူ၊ ဦးစိုးထွတ်

# ဝါးရုံကောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ ဇလွန်မြို့နယ်



ဝါးရုံကောက်ကျေးရွာ ရာသီခွင်ပြက္ခဒိန်

| စဉ် | အဖြစ်အပျက် | တန်ခူးလ | ကဆုန်လ | နယုန်လ | ဝါဆိုလ | ဝါခေါင်လ | တော်သလင်းလ | သီတင်းကျွတ်လ | တန်ဆောင်မုန်းလ | နတ်တော်လ | ပြာသိုလ | တပို့တွဲလ | တပေါင်းလ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | |
| ၂။ | စိုက်ပျိုးရေး(လယ်) | - | - | ထယ်ရေးပြင်၊ မျိုးချ | စပါးစိုက် | ပေါင်းသင်၊ အစာကျွေး | ပေါင်းသင်၊ အစာကျွေး | ရိတ်သိမ်း | ရိတ်သိမ်း | မတ်ပဲ ထယ်ရေးပြင် | ဆေးဖြန်း | ပဲသိမ်း | ပဲသိမ်း |
| ၃။ | စိုက်ပျိုးရေး(ခြံ) | ရာသီယင် | ကွမ်း | ကွမ်း | - | - | ကွမ်း | ကွမ်း | - | - | - | - | - |
| ၄။ | ကျန်းမာရေး | ရာသီဖျား | ရာသီဖျား | ထမ်းပျက် ဝမ်းလျှော | သွေးလွန် တုပ်ကွေး | သွေးလွန် တုပ်ကွေး | - | - | နှာစေး၊ ချောင်းဆိုး | - | - | ရာသီဖျား | ရာသီဖျား |
| ၅။ | ပွဲတော် | သင်္ကြန် | - | - | ဝါဆို သင်္ကန်းကပ် | စာရေး တံမဲပွဲ | - | မီးထွန်းပွဲ | ကထိန်ပွဲ | - | - | - | ဘုရားပွဲ |
| ၆။ | အလုပ်အကိုင် | ရှားပါး | နည်း | သင့်တင့် | ကောင်း | ကောင်း | သင့်တင့် | ကောင်း | ကောင်း | ကောင်း | သင့်တင့် | သင့်တင့် | သင့်တင့် |

ရက်စွဲ၊ ၁၀.၇.၂၀၁၈

ရေးဆွဲသူ၊ ဦးလင်းလင်း

## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီ အစဉ်မျိုး ဖြစ်ပါသည်။

## ၂။တည်နေရာနှင့်ပထဝီအနေအထား

ဝါးရုံကောက်ကျေးရွာသည် ဇလွန်မြို့နှင့်(၁၀)မိုင်အကွာတွင်တည်ရှိပါသည်။ ဇလွန်မြို့၊ ဓနုဖြူမြို့နှင့် ပွင့်လင်းရာသီတွင်ဆက်သွယ်သွားလာရေးလွယ်ကူပြီး မိုးရာသီတွင် ဆက်သွယ်သွား လာရေးခက်ခဲပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း မှာ စိုက်ပျိုးရေးနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ ကျပန်းအလုပ်တို့ဖြစ်ပါသည်။ လယ်ယာမြေများ သည် စပါး၊မတ်ပဲတို့ကို အဓိကထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်တို့အတွက် အဓိက အားထားရာဖြစ်ပါသည်။

## ၃။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဝါးရုံကောက်ကျေးရွာ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှာ (၄၀)အထက်ရှိပြီး လယ်သမား များအတွက် မိုးစပါး စိုက်ပျိုးရေးကို မိုးရေဖြင့်လုံလောက်ပါသဖြင့် မိုးစပါးစိုက်ပျိုးရေးအောင်မြင် ပါသည်။ ကျေးရွာတွင်လယ်မြေကေ(၂၃၄)ကေရှိပြီး မိုးစပါးနှင့်စပါးစိုက်ပျိုးပြီးလျှင် မတ်ပဲကိုအဓိက

စိုက်ပျိုးပါသည်။ ကျေးရွာတွင် ဥယျာဉ်ခြံမြေကေ(၁၀၃)ကေရှိပြီး ကွမ်းနှင့်အခြားရာသီပင်တို့ကို အဓိက စိုက်ပျိုးပါသည်။ သဘာဝတွင်းထွက်သယံဇာတများမထွက်ရှိပါ။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ လည်းရရှိနိုင်မှုမရှိပါ။ ကျေးရွာတွင် စားကျက်မြေများသီးသန့်မရှိဘဲ ဆေးဘက်ဝင်အပင်များ မှာလည်း သာမန်တွေ့ရသော အပင်များသာရှိပါသည်။

## ၄။ကျေးရွာရှိ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

## (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ဝါးရုံကောက်ကျေးရွာတွင် သီးသန့်ဖွဲ့စည်းထားသော အဖွဲ့အစည်းမရှိသော်လည်း လူမှုရေး၊ စီးပွားရေး၊ သာရေး၊ နာရေး ကိစ္စရပ်များတွင် လူကြီး၊ လူငယ်၊ ကျားမ ပူးပေါင်းပါဝင်ဆောင်ရွက် တတ်သည့် အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတစ်ရွာလုံးသည် ဗမာလူမျိုးများဖြစ်ကြပြီး ကျေးရွာတွင် ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတစ်ကျောင်းရှိပါသည်။ ကျေးရွာရှိ ကျေးရွာသူကျေးရွာ သားများသည် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ရိုင်းပင်းကူညီကြကာ ရပ်ရေးရွာရေးတွင် အတူတကွ ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။ လက်ရှိအချိန်တွင် ကျေးရွာ ရွာလယ်လမ်းမကြီး ကောင်းမွန် ရေးအတွက် ကျေးရွာမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိနေပါသည်။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ဝါးရုံကောက်ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်သူထက် အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမားများပို၍ များသည်။ ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ (၇၀)%သည် မြေယာမဲ့များဖြစ်ကြပြီး နေ့စားလုပ်ငန်းအား အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ကျပန်း၊ လက်လီဈေးရောင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေး၊ ခေါင်းရွက်ဗြက်ထိုးလုပ်ငန်းများ၊ လက်သမားများ စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင် လည်းပါဝင်ဆောင်ရွက်ကြပါသည်။ ဆင်းရဲ၊ ချမ်းသာအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး ၏ (၁၀)%သာ ချမ်းသာအဆင့်တွင် ရှိပြီး (၁၈)%သည် အလယ်အလတ်အဆင့်၊ (၃၈)%သည် ဆင်းရဲအဆင့်၊ (၃၄)%သည် အလွန်မပြေလည်သောအဆင့်တွင် ရှိနေကြပါသည်။ လယ်ယာ မြေများတွင် မိုးစပါး၊ မတ်ပဲနှင့် ခြံမြေများတွင် ကွမ်းနှင့် အခြားရာသီပင်များ စိုက် ပျိုးကြပါသည်။ မိုးစပါး(၁)ကေပျမ်းမျှအထွက်နှုန်းမှာ တင်း(၇၀)၊ မတ်ပဲ(၁)ကေပျမ်းမျှအထွက် နှုန်းမှာ (၁၀)တင်း တို့ ထွက်ရှိသည်။

မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးသူတို့သည် ရင်းနှီးမတည်ငွေ လုံလောက်စွာမရှိသဖြင့် မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ခြင်းမရှိသေးပေ။

အရောင်းအဝယ်သမားများမှာ ပွင့်လင်းရာသီတွင် ရောင်းဝယ်ရန်လွယ်ကူပြီး မိုးအခါတွင် စက်လှေမှတစ်ဆင့် ကား၊ ထော်လာဂျီများနှင့် ဇလွန်မြို့နှင့် ဓနုဖြူမြို့ဈေးများသို့ ခက်ခဲစွာ အရောင်း အဝယ်ပြုလုပ်ရပါသည်။ ကျေးရွာမှ ကုန်ကြမ်းအနေဖြင့် နနွင်းသာ အနည်းငယ်ထွက်ရှိပါသည်။

အခြားဝင်ငွေရအလုပ်သမားများမှာ နေ့စားအလုပ်အလုပ်များ၊ ဆိုင်ကယ်ကယ်ရီ ပို့ဆောင်ခြင်းလုပ်ငန်းများ၊ ခေါင်းရွက်ဗျက်ထိုးဈေးသည်များ၊ အစိုးရဝန်ထမ်း အလုပ်လုပ်ကိုင်သူများလည်း ရှိပါသည်။



## (ဂ)အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

ဝါးရုံကောက်ကျေးရွာသည် ဇလွန်မြို့၏အနောက်တောင်ဘက်တွင် တည်ရှိပြီး ဇလွန်မြို့နှင့် (၉)မိုင်ကွာဝေးပါသည်။ ရွာတွင်းလမ်းမကြီးမှာ ကွန်ကရစ်လမ်းဖြစ်ပြီး အလျား(၂)မိုင်ခန့်၊ အနံ(၂)ပေ အကျယ်ရှိပြီး ကိုယ်ထူကိုယ်ထလမ်းဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းမှာ မြေသား လမ်းဖြစ်ပြီး အလျား(၁)မိုင်ခန့်ရှိပြီး အနံမှာ(၁၀)ပေခန့်ရှိပါသည်။ ၎င်းကျေးရွာချင်းဆက်လမ်းအား ကုန်ထုတ်လမ်းအဖြစ်ရာသီမရွေးသွားလာ အသုံးပြုနိုင်ရေးအတွက် ကျောက်ချောလမ်းအဆင့်မြှင့် တင်လိုကြသည်။

ကျေးရွာတွင် ကွန်ကရစ်တံတား(၃)စင်း၊ သစ်သားတံတား(၃)စင်း၊ စုစုပေါင်းတံတား(၆)စင်း ရှိပါသည်။ တံတား(၅)စင်းမှာ ကျေးရွာချင်းဆက်တံတားများဖြစ်ကြပြီး တံတား(၁)စင်း(ကွန်ကရစ်) တံတားမှာ ရိုးတံတားဖြစ်ပါသည်။ တံတားအားလုံးမှာ စက်ဘီး၊ ဆိုင်ကယ်မျှသာ သွားလာနိုင်ပါ သည်။ ထုတ်ကုန်များသယ်ယူပို့ဆောင်ရန် ထော်လာဂျီအဆင့်ဖြတ် သန်းနိုင်လျှင် အလွန်ကောင်း မွန်ပါသည်။

ဝါးရုံကောက်ကျေးရွာသည် ကုန်စည်ကူးသန်းရောင်းဝယ်မှုအတွက် ဇလွန်ဈေးနှင့်ခနေဖြူဈေး တို့ကို ပွင့်လင်းရာသီ၌ ဆိုင်ကယ်၊ စက်ဘီး၊ ထော်လာဂျီတို့ဖြင့်သွားလာရပြီး မိုးတွင်းအခါတွင် စက်လှေမှတစ်ဆင့် ကား၊ ထော်လာဂျီတို့ဖြင့်သွားလာရပါသည်။ ဈေးကွက်လက်လှမ်းမီမှုမှာ အသင့် အတင့်သာရှိပါသည်။ ဆိုလာနှင့် ဘက်ထရီအိုးအများဆုံးအသုံးပြုကြပြီး အချို့အိမ်ထောင်စုများမှာ ဖယောင်းတိုင်မီးနှင့် မီးခွက်များသာ သုံးစွဲနေကြပါသည်။ ကျေးရွာသည် မဟာဓါတ်အားလိုင်းရရှိရန် အလှမ်းကွာဝေးသောကြောင့် ကျေးရွာနှင့်သင့်တော်သည့်မီးအမျိုးအစားတစ်ခုအား လိုလားနေကြ ပါသည်။

ကျေးရွာတွင် အိမ်ထောင်စုအားလုံး၏ သုံးပုံနှစ်ပုံခန့်သည် လက်ကိုင်ဖုန်းအသုံးပြုနေကြပြီ ဖြစ်သည်။ မြို့နှင့်ဝေးခြင်း၊ ဝါးပတောအုပ်စုအတွင်းတွင် ဖုန်းတာဝါတိုင်များမရှိသော်လည်း ကျေးရွာသူကျေးရွာသားများမှာ ဖုန်းဖြင့်အင်တာနက်ပင်အသုံးပြုနိုင်မှုရှိပါသည်။ သဘာဝဘေး အန္တရာယ်များ(ဥပမာ-မီးဘေး) ကျရောက်ခြင်းတို့အတွက် ကျေးရွာတွင် မီးသတ်အဖွဲ့ဖွဲ့စည်းထား ခြင်းမရှိခြင်း၊ ကျေးရွာအနီးတွင် မီးသတ်စခန်းမရှိခြင်းကြောင့် မီးအန္တရာယ် စိုးရိမ်ရပါသည်။ ကော့ကပ်တိုက်နယ်ရဲစခန်းနှင့်နီးသောကြောင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွက် ဆက်သွယ် အကြောင်းကြားကာ အကူအညီရနိုင်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင် လယ်သမားအများစုမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ (အတိုးနှုန်းပြား၈၀)ဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ချေးယူသုံးစွဲကြပါသည်။ ကျေးရွာ၏ သုံးပုံနှစ်ပုံခန့်လောက်သည် ကိုရီးယားချေးငွေ(အတိုးနှုန်း၁.၅ကျပ်)နှင့် UNDP ချေးငွေ(အတိုးနှုန်း ၂.၅ကျပ်)တို့ဖြင့် စားဝတ်နေရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် ချေးယူကြပါသည်။ ငွေတိုးချေးသူများထံမှ အတိုးနှုန်း(၅ကျပ်)နှုန်းဖြင့် ချေးယူသူအနည်းစုသာရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြကြောင်း တွေ့ရှိရပါသည်။

၉

အခြားဒေသသို့သွားရောက်လုပ်ကိုင်သူများထံမှ ပြန်ပို့ငွေကို ကမ္ဘောဇဘဏ်၊ ရောဝတီဘဏ် တို့မှ အများဆုံးထုတ်ယူကြသောကြောင့် ဘဏ်များနှင့်လည်း ချိတ်ဆက်အသုံးပြုနိုင်ကြပါသည်။

## (င) ပညာရေး

ဝါးရုံကောက်ကျေးရွာ ရွာလယ်ပိုင်းတွင် မူလတန်းကျောင်းဆောင်ကို သွတ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းပြီး ၂၀၁၆ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ကျောင်းဆောင်အကျယ်မှာ (၆၀'x၃၀')(၁)ထပ်ဆောင်ဖြစ်ပါသည်။ သင်ရိုးသစ်စနစ်ဖြစ်၍ ကျောင်းဆောင်လုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာသည် တိုက်ခန်း(၂)ခန်းတွဲ (၁)လုံးသာရှိ၍ ဆရာ၊ ဆရာမ၊ ကျောင်းသားကျောင်းသူ များအတွက် လုံလောက်မှုမရှိပါ။ ကျောင်းတွင် မူအုပ် မ(၁)ဦး၊ မူပြ ကျား(၁)ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၄)ဦး၊ လုပ်သား(၁)ဦး၊ ကျောင်းသားကျောင်းသူစုစုပေါင်း ကျား(၃၂)ဦး၊ မ(၃၀)ဦး၊ ပေါင်း(၆၂)ဦး ရှိ၍ ဆရာကျောင်းသားအချိုးလုံလောက်သင့်တင့်မှုရှိပါသည်။ ကျောင်းအဝင်လမ်း၊ အိမ်သာ လမ်းများမရှိ၍ စွတ်စိုထိုင်းမှိုင်းသောရာသီတွင် သန့်ရှင်းမှု၊ ကျန်းမာမှု ချွတ်ယွင်းချက်ရှိပါသည်။ ကျောင်းတက်နှုန်းမှာ မူလတန်းပညာရေးတွင် ကျား(၂၉)ဦး၊ မ(၃၇)ဦး၊ စုစုပေါင်း(၆၆)ဦး၊ အလယ်တန်းတွင် ကျား(၃၃)ဦး၊ မ(၂၂)ဦး၊ စုစုပေါင်း(၅၅)ဦး၊ အထက်တန်းတွင် ကျား(၃)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၁၄)ဦးရှိပါသည်။ ကျေးရွာတွင် ရွာခံဆရာ(၁)ဦးနှင့် အခြားကျောင်းများသို့ သွားရောက်တာဝန်ထမ်းဆောင်နေသည့် ဆရာမ(၃)ဦးရှိပါသည်။

ကျေးရွာတွင် ပညာရေးကဏ္ဍ၌ မိဘဆရာအသင်း၊ အကျိုးဆောင်ကော်မတီများဖွဲ့စည်းထား ရှိပြီး မိဘများနှင့်ကျေးရွာရပ်မိရပ်ဖများမှလည်း ဆရာ၊ဆရာမများနှင့်ပူးပေါင်း၍ လိုအပ်ချက်များ ကိုဆောင်ရွက်ကြသောကြောင့်ပညာရေးအတွက်အခက်အခဲမရှိလုပ်ဆောင်နိုင်ပါသည်။ကျောင်းသား၊ ကျောင်းသူများပြားစေရန်နှင့် စာတတ်မြောက်မှုနှုန်းများပြားလာစေရန်အတွက်မှာ ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေနှင့်စီးပွားရေးတိုးတက်မှုပေါ်တွင် မူတည်ပါသည်။ မူလတန်း စာသင် ကျောင်းအတွင်း စာရေးခုံ၊ စားပွဲ၊ ကုလားထိုင်၊ သင်ပုန်း၊ ဘီရို စုံလင်စွာရှိသော်လည်း သင်ရိုးသစ် စနစ်ကြောင့် စာသင်ခန်းများ၊ စာသင်ဆောင်များ လိုအပ်မှုရှိပါသည်။ ကျောင်းအုပ်ကြီး ရုံးခန်းသီးသန့်မရှိ၍ ကျောင်းအုပ်ကြီးရုံးခန်းလိုအပ်မှုရှိပါသည်။

ကျေးရွာတွင် လက်သမား၊ ဖျာယက် စသော အသက်မွေးဝမ်းကျောင်းအတတ်ပညာဖြင့် ကျွမ်းကျင်လုပ်သား အနည်းငယ်သာရှိပါသည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုနိမ့်ကျဆဲဖြစ်၍ လူငယ်အမျိုးသား၊ အမျိုးသမီးများအတွက် ဆိုင်ကယ်ပြင်သင်တန်း၊ စက် ပြင်သင်တန်းနှင့် အပ်ချုပ်စက်သင်တန်းများအား အခမဲ့ တတ်ကျွမ်းလိုကြသည်။

**(စ)ကျန်းမာရေး**

ဝါးရုံကောက်ကျေးရွာသည် ကျန်းမာရေးနှင့်ပတ်သက်၍ (၃)မိုင်ခန့်အကွာရှိ ကော့ကပ် တိုက်နယ် ကျန်းမာရေးဌာနခွဲနှင့် တိုက်နယ်ဆေးရုံကြီးသို့ သွားရောက်ကုသရပါသည်။ ထိုသို့ သွားရောက်ကုသရာတွင် ပွင့်လင်းရာသီ၌ ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် လွယ်ကူစွာသွားရောက် ကုသနိုင်သော်လည်း မိုးတွင်းအခါ မိုးများလာသောအချိန်တွင် သွားရောက်ကုသရန် အလွန်ခက်ခဲပါသည်။ ကျေးရွာသူကျေးရွာသားများအားလုံး ကျေးလက်ဆေးပေးခန်းလိုလားနေကြပါသည်။



ကျေးရွာအတွင်း တံကင်တွင်းရေကို အများဆုံးအသုံးပြုကြပြီး ကိုယ်ပိုင်တံကင်တွင်းမရှိသူ များမှာ အခြားပိုင်တံကင်တွင်းများတွင် အသုံးပြုရခြင်း၊ ရေဝါ/ပြာဖောက်များရှိခြင်းတို့ကြောင့် သန့်ရှင်းသော သောက်သုံးရေအတွက် စက်ရေတွင်း(၁)တွင်း လိုလားနေကြပါသည်။

တစ်ရွာလုံးနီးပါးယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွား တတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။

ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောဂါစသော ရောဂါများဖြစ်ပွားမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျောင်းမနေသူမွေးရာပါအရိုးပျော့ရောဂါသည် ကျား(၂)ဦးရှိပါသည်။ ထိုသူများအတွက် သီးသန့်ထောက်ပံ့ရေးအစီအစဉ်မျိုးမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာသို့ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးများ လာရောက်ထိုးနှံမှုများ ရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြပါသည်။

**(ဆ)ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ဝါးရုံကောက်ကျေးရွာတွင် စပါး၊ မတ်ပဲခင်းများအတွင်း ဖျက်ပိုးများ ကျရောက်တတ်ခြင်း ကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှု များပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးနည်းစနစ်အစား ဓါတုပိုးသတ်ဆေး များကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်း များ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာမှာ မြေမြင့်သောအပိုင်းတွင် တည်ရှိ၍

ရေကြီး၊ ရေလွှမ်းခြင်းများမှ ကင်းဝေးပါသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်း ဘေးအန္တရာယ်တို့ နည်းပါးပါသည်။

**(ဇ)ကျား – မ ရေးရာ**

ဝါးရုံကောက်ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ လယ်ယာလုပ်ငန်းများတွင် ယောကျ်ားလေးများနှင့် မိန်းကလေးများ၏ လုပ်အားခနှုန်းထားအများဆုံးမှာ (၅၀၀၀)ကျပ်၊ အနည်းဆုံးမှာ (၃၀၀၀)ကျပ် ဖြစ်ပါသည်။ လုပ်အားခကွာခြားချက်မှာ ကျား၊ မလုပ်အား စိုက်ထုတ်မှုပေါ်မူတည်၍ ကွာခြားခြင်း ဖြစ်ပါသည်။ အလုပ်အကိုင်များတွင်လည်း ကျား၊ မတန်းတူ အခွင့်အရေး ရရှိပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၅။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ ကျေးရွာ ရွာအဝင်လမ်း<br>ချောင်းကျောက်ခင်းခြင်း | ၁၀၀ | ၁ | –ကျေးရွာ ရွာအဝင်လမ်းချောင်းကျောက်ခင်းခြင်း<br>(၄၁၀၀’x ၈’ x၆”) | ကျေးလက်<br>ဦးစီး |
| ***ကျန်းမာရေး*** | | | | | |
| | • ၂။ ကျန်းမာရေးနှင့်ပတ်သက်၍<br>ကျန်းမာရေးဌာနဆောက်<br>လုပ်ခြင်း | ၉၀ | ၂ | – ကျန်းမာရေးနှင့်ပတ်သက်သည့်ဟောပြောပွဲများ၊ ကျန်း<br>မာရေးဝန်ဆောင်မှုများ၊ကျန်းမာရေးအထောက်အကူပြု<br>ပစ္စည်းများ၊ ကျန်းမာရေးဌာနဆောက်လုပ်ခြင်း | ကျန်းမာေ<br>ေးဌာန |
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၃။ မဟာဓါတ်အားလိုင်းဖြင့်<br>ကျေးရွာမီးလင်းရေးလုပ်ငန်း<br>ဆောင်ရွက်ခြင်း | ၆၈ | ၃ | – ကျေးရွာတစ်ရွာလုံးမီးလင်းရေးအတွက်မဟာဓါတ်အား<br>လိုင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း | လျှပ်စစ်ဌာ<br>န |
| **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | ၄။ နေရာကျယ်ကျယ်နှင့် လူငယ်<br>များအားကစား ပြုလုပ်ရန်<br>မြေနေရာစီစဉ်ပေးခြင်း | ၆၃ | ၄ | – ကျေးရွာတွင်းတွင်အားကစားစိတ်ပါဝင်စားသောလူငယ်<br>များရှိသည့်အတွက် နေရာကျယ်ကျယ်နှင့်အားကစား<br>ပြုလုပ်၍ရသောမြေနေရာစီစဉ်ပေးခြင်း | အား/ကာ |

| | | | | | |
|---|---|---|---|---|---|
| *ပညာရေး* | | | | | |
| | ၅။ ကျောင်းအဆောက်အဦ၊ ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံစွာပံ့ပိုးဆောင်ရွက်ခြင်း | ၅၄ | ၅ | –ကျေးရွာမူလတန်းကျောင်းတွင် ကျောင်းသားဦးရေတိုးပွားလာမှုကြောင့် ကျောင်းအဆောက်အဦနှင့်သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဆောင်ရွက်ခြင်း | ပညာရေး |
| *စိုက်ပျိုးရေး* | | | | | |
| | ၆။ စိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | ၅၃ | ၆ | – အရေးကြီးသွင်းအားစုများရရှိရေး၊ မျိုးကောင်းမျိုးသန့်များစုပေါင်းဝယ်ယူရရှိရေး၊ စက်ကရိယာများအရစ်ကျဝယ်ယူရရှိရေး ချိတ်ဆက်ဆောင်ရွက်ခြင်း | စိုက်ပျိုးရေ း |
| *မွေးမြူရေး* | | | | | မွေး/ကု |
| | ၇။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိရန်ဆောင် ရွက်ခြင်း | ၄၉ | ၇ | –မွေးမြူရေးချေးငွေများပိုမိုရရှိရန်ဆောင်ရွက်ခြင်း။<br>– ခေတ်မီမွေးမြူရေးစနစ် များ လက်တွေ့ဆောင်ရွက်ခြင်း၊–မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ | |

**ဝါးပတောအုပ်စု၊ ဝါးရုံကောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဥ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **လမ်းပန်းဆက်သွယ်ရေး** | | | | | |
| | • လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊သွားလာရန်ခက်ခဲခြင်း | • လမ်းမှာမြေသားလမ်းဖြစ်၍ မိုးရာသီတွင်ဆက်သွယ်သွားလာရန်ခက်ခဲမှုရှိ ခြင်း | • ကျေးရွာသူကျေးရွာသားများ၏လုပ်အားလုံလောက်မှုရှိခြင်း | • ဆင်းရဲသောအိမ်ထောင်စုများသော ကြောင့်ငွေကြေးတတ်နိုင်မှု အားနည်းခြင်း | • သက်ဆိုင်ရာဌာန၊အဖွဲ့အစည်း၊ အလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ရာသီမရွေးဆယ်သွယ်သွားလာနိုင်သောလမ်းအဆင့်မြှင့်တင်ခြင်း |
| ၂ | **ကျန်းမာရေး** | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • ကျန်းမာရေးဗဟုသုတအားနည်းခြင်း | • ကျန်းမာရေးနှင့်ပတ်သက်သည့်အထောက်အကူပစ္စည်းများ၊ ဆေးပေးခန်းတို့မရှိခြင်း၊ အလှမ်းကွာဝေးခြင်း | • ကျန်းမာရေးဌာနအဆောက်အဦဆောက်လုပ်ရန်မြေနေရာ၊ လုပ်အားရှိခြင်း | • ငွေကြေးတတ်နိုင်မှုအားနည်းခြင်း<br>• ဝန်ဆောင်မှုအားနည်းခြင်း<br>• ဆက်သွယ်ရန်ခက်ခဲခြင်း | • ကျန်းမာရေးဝန်ဆောင်မှုများရရှိရန်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ တင်ပြ တောင်းခံခြင်း | • ကျန်းမာရေးနှင့်ပတ်သက်သည့်ဟောပြောပွဲများ၊ ကျန်း မာရေးဝန်ဆောင်မှုများပြုလုပ်ပေးခြင်း၊<br>• ကျန်းမာရေးဌာနဆောက်လုပ်ပေးခြင်း၊ ကျန်းမာရေးအထောက်အကူပစ္စည်းများထောက်ပံ့ခြင်း |
| ၃ | **မီးလင်းရေး** | | | | | |
| | • လျှပ်စစ်မီးမရရှိခြင်း | • ငွေကြေးပမာဏနည်းပါးခြင်း၊ ဆင်းရဲသူများပြားခြင်း | • ကျေးရွာမှ ထည့်ဝင်ငွေအသင့်အတင့်ရှိခြင်း | • ကျေးရွာမှလက်ရှိစုဆောင်းထားငွေဖြင့်မလုံလောက်ခြင်း | • သက်ဆိုင်ရာလျှပ်စစ်ဦးစီး ဌာနနှင့်ကျေးလက်ဦးစီးဌာနတို့အားတင်ပြတောင်းခံခြင်း | • မဟာဓါတ်အားလိုင်းဖြင့်ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း |
| ၄ | **လူငယ်အားကစား** | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | • လူငယ်များအား ကစားပြုလုပ်ရန် မြေနေရာမရှိခြင်း | • ကျန်းမာကြံ့ခိုင်ရေး အသိပညာနည်းပါး ခြင်း | • အားကစားစိတ် ဓါတ်ပြင်းထန် သောလူငယ်များ များပြားခြင်း | • မြေနေရာအလွတ် မရှိဘဲ သီးနှံများ စိုက်ပျိုးထားခြင်း | • သက်ဆိုင်ရာအားကစား နှင့်ကာယပညာဦးစီး ဌာနနှင့် ချိတ်ဆက်၍ နေရာကျယ် ကျယ်နှင့် လူငယ်များ အားကစား ပြုလုပ် ရန်မြေနေရာ စီစဉ်ပေးခြင်း | • နေရာကျယ်ကျယ်နှင့် လူငယ်များ အားကစား ပြုလုပ်ရန် မြေနေရာစီစဉ် ပေးခြင်း |
| ၅ | **ပညာရေး** | | | | | | |
| | • ကျောင်းအဆောက် အဦ၊ ပရိဘောဂ နှင့်သင်ထောက်ကူ ပစ္စည်းတို့မလုံ လောက် ခြင်း | • ကျောင်းသားဦးရေ တိုးပွားလာခြင်း | • | • | • ပညာရေးဌာနနှင့်ချိတ် ဆက်၍လိုအပ်ချက်များ တင်ပြတောင်းဆိုခြင်း<br>• ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ညှိနှိုင်း ဆောင်ရွက်ခြင်း | • ကျောင်းပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာပံ့ပိုးဆောင်ရွက် ခြင်း |
| ၆ | **စိုက်ပျိုးရေး** | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | • နည်းပညာအသုံးပြုနိုင်မှုအားနည်းခြင်း<br>• ပိုးနှင့်ရောဂါကျခြင်း<br>• မျိုးကောင်းမျိုးသန့်မစိုက်ကြခြင်း | • မျိုးသိမ်းမျိုးချန်ရန်အသိမရှိခြင်းနှင့် ငွေကြေးအခက်အခဲအရမဝယ်နိုင်ခြင်း<br>• မျိုးသန့်ပွားနည်းပညာမသိရှိခြင်း | • | • မြို့နှင့်အလှမ်းအနည်းငယ်ကွာဝေးသောကြောင့် စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း | • ဝန်ဆောင်မှုပြည့်ဝစွာရရှိရန် စိုက်ပျိုးရေးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများအားချိတ်ဆက်၍ အရေးကြီးသွင်းအားစုများလက်လှမ်းမီးအောင်ဆောင်ရွက်ခြင်း | • အရေးကြီးသွင်းအားစုများရရှိရေး၊ မျိုးကောင်းမျိုးသန့်များစုပေါင်းဝယ်ယူရရှိရေး၊ စက်ကရိယာများအရစ်ကျဝယ်ယူရရှိရေးချိတ်ဆက်ဆောင်ရွက်ခြင်း<br>• စိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း |
| ၇ | **မွေးမြူရေး** | | | | | |
| | • မွေးမြူရေးနည်းပညာအားနည်းခြင်း<br>• ရောဂါကျခြင်း | • ကာကွယ်ဆေးပုံမှန်မထိုးခြင်း<br>• သန့်ရှင်းမှုမရှိခြင်း | • တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မှုသင့်တင့်မှုရှိခြင်း | • မွေးမြူရေးနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးခြင်း | • မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ဝန်ဆောင်မှုများပြည့်ဝစွာရရှိရန် ဆောင်ရွက်ခြင်း | • တိရစ္ဆာန်မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများနှင့်ခေတ်မီမွေးမြူရေးစနစ်များလက်တွေ့ဆောင်ရွက်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၇ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၁၅ | ၃၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၀ | ၃၉ | ၆၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၆ | ၃၀ | ၆၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၉ | ၁၉၅ | ၃၈၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၁၉ | ၂၆ | ၄၅ |
| **စုစုပေါင်း** | | **၂၉၉** | **၃၁၂** | **၆၁၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၅၂** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ဝါးရုံကောက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၅၂)အိမ်၊ လူဦးရေစုစုပေါင်း (၆၁၁)ဦး ရှိပါသည်။ အမျိုးသားဦးရေ(၄၉) %၊** အမျိုးသမီးဦးရေ(၅၁) %ရှိသဖြင့် အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေ ထက်(၂)%ပိုများသည်။ မူလတန်းနှင့် အလယ်တန်းကျောင်းနေအရွယ်ကျောင်းသား ကျောင်းသူ(၂၂)%ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်(၁၅နှစ်မှ ၆၄နှစ်အထိ) (၆၃)%ရှိပါသည်။ ထို့ကြောင့်လုပ်သားအင်အား များပြား ပါသည်။ သက်ကြီးရွယ်အိုအရေအတွက် (၇)%ရှိပြီး အသက်(၈၀) နှစ်အထက် အသက်ရှည်သူများဖြစ်ကြပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၂၃၄ | **သင့်** | **ရ** | **သဘာဝမိုးရေ** |
| **ယာမြေ** | | | | |
| **ဥယျာဉ်ခြံမြေ** | ၁၀၃ | **သင့်** | **ရ** | **မြေအောက်ရေ၊ ချောင်းရေ** |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| စုစုပေါင်း | ၃၃၇ | | | |

၁၄

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဝါးရုံကောက်ကျေးရွာတွင် လယ်၊ခြံကို အဓိကထားလုပ်ကိုင်ကြပြီး လယ်မြေဧက(၂၃၄ဧက) (၆၉)%၊ ခြံမြေဧက(၁၀၃ဧက)(၃၁)%ရှိပါသည်။ လယ်မြေတွင် မိုးစပါး၊ မတ်ပဲကို စိုက်ပျိုးကြပါသည်။ ခြံမြေပေါ်တွင် ကွမ်းကိုအဓိကထား၍ တစ်ခြားရာသီပင်များလည်း စိုက်ပျိုးကြပါသည်။ မြေဆီမြေသြဇာမှာ သင့်တင့်ကောင်းမွန်မှုရှိပါသည်။ စိုက်ပျိုးရေကို မြေအောက်ရေ၊ ချောင်းရေ၊ မိုးရေတို့မှရရှိပြီး ရေလုံလောက်မှုရှိပါသည်။ ကျေးရွာတွင် နွား၊ ကျွဲ စားကျက်မြေ သီးသန့် မရှိပါ။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | လွယ် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက်ခဲ |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – ၄၀ လက်မအထက် | |

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် ဓါတ်သတ္တုပစ္စည်းထွက်ရှိမှု မရှိသော်လည်း အလွယ်တကူဝယ်ယူသုံးနိုင်ပါသည်။ သဲနှင့်ကျောက်တို့ကို ဇလွန်မြို့၊ ဓနုဖြူမြို့တို့မှ ဝယ်ယူအသုံးပြုနိုင်သော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် မိုးတွင်းအခါများတွင် ချောင်းမှ သယ်ယူပို့ဆောင်ရေးပြုလုပ်ကြရသဖြင့် ငွေကြေး အကုန်အကျများမှု ရှိပါသည်။ တိရစ္ဆာန် မျိုးစိတ်များမှာ အနည်းငယ်သာရရှိပါသည်။ လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော အပင်မျိုးစိတ်များ ကျေးရွာမှ မထွက်ရှိပါ။ သာမန်တွေ့ရများသော ယေဘုယျအပင်များသာ တွေ့ရှိရပါသည်။



(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | လယ်သမား | ၁☑ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | စွမ်းဆောင်ရည်ကောင်းမွန်ပြီး ခိုင်မာတောင့်တင်းမှုရှိပါသည်။ |
| ၂ | ကိုရီးယား | ၁☑ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အိမ်ထောင်စုအနည်းငယ် ထုတ်ချေးပါသည်။ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၃ | UNDP | ၁☑ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အမျိုးသမီးဦးရေအများစု ချေးပါသည်။ |
| ၄ | ဓမ္မစကူးလ် | ၁☐ ၂☐ ၃☑ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | စွမ်းဆောင်ရည် ကောင်းမွန် ပြီးကျေးရွာတွင် အမှန်တကယ် လုပ်ဆောင်သောအဖွဲ့ဖြစ် ပါသည်။ |

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။



လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် မြန်မာ့စီးပွားရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေထုတ်ချေးသောလယ်သမားအဖွဲ့၊ ပြင်ပအဖွဲ့အစည်းမှ ငွေကြေးထုတ်ချေးသော ကိုရီးယား ငွေစုငွေချေး အဖွဲ့၊ UNDP ငွေစုငွေချေးအဖွဲ့အစည်းများရှိကြောင်း တွေ့ရှိရပါသည်။ သာရေး၊ နာရေးနှင့် ဘာသာရေး ကိစ္စရပ်များအတွက် တစ်ရွာလုံးဝိုင်းဝန်း ဆောင်ရွက်လေ့ရှိပါသည်။ ဘာသာရေးပိုင်းတွင် ဓမ္မစကူးလ်အဖွဲ့ လည်းရှိပြီး ကလေးငယ်များ ပိတ်ရက်များတွင် သင်ယူကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ဘုန်းကြီးကျောင်း ဂေါပကအဖွဲ့၊ မိဘဆရာအသင်းအဖွဲ့တို့လည်းရှိပါသည်။ ကျေးရွာအတွင်းတွင် လုံခြုံရေးအတွက် မီးသတ်အဖွဲ့ လည်း ဖွဲ့စည်းထားပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧကအထက် | ၅ဧကအောက် | ၂.၅ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | ကောင်း | သင့် | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်နှင့်ခြံ | လယ်နှင့်ခြံ | လယ်နှင့်ခြံ | နေ့စား၊ ကျပန်း၊ မွေးမြူရေး |
| အိမ်ထောင်စု | ၁၈ | ၁၇ | ၁၁ | ၁၀၆ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ဝါးရုံကောက်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၁၈)အိမ်(၁၂)%သာရှိပြီး လယ်နှင့်ခြံလုပ်ငန်းတို့ဖြင့် အဓိကအသက်မွေးသူများ ဖြစ်ကြပါသည်။ အလယ်အလတ်ရှိအိမ်ထောင်စု(၁၇)အိမ်(၁၁)%ရှိပြီး လယ်နှင့် ခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ မပြေလည်သောအိမ်ထောင်စု(၁၁)အိမ်(၇)%ရှိပြီး လယ်နှင့်ခြံ လုပ်ငန်းကို အဓိကထားလုပ်ကိုင်ပါသည်။

၁၇

အလွန်မပြေလည်သောအိမ်ထောင်စု(၁၀၆)အိမ်(၇၀)%ရှိပြီး နေ့စား၊ ကျပန်းနှင့် မွေးမြူရေးလုပ်ငန်းတို့ကို အဓိကထားလုပ်ကိုင်ကြပါသည်။ ကျေးရွာတစ်ရွာလုံးတွင်

ထွန်စက်ကြီးများကို အခြားဒေသမှ (၁)ဧကအတွက် တစ်စပ်ထွန် (၁၄၀၀၀ကျပ်မှ ၁၆၀၀၀ကျပ်အထိ) ငှားရမ်းသုံးစွဲကြရကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၀၆ | ၇၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ် တာထိ) | ၁၁ | ၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေထိ(၂ဟတ်တာထိ) | ၁၇ | ၁၁% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား ( ၅ဟတ်တာထိ) | ၁၅ | ၁၀% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ကေအထက် (၅ဟတ်တာနှင့် အထက်) | ၃ | ၂% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၅၂ | ၁၀၀% | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။ဝါးရုံကောက်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု(၁၀၆)အိမ်(၇၀)%၊ ဆင်းရဲသားတောင်သူ (၁၁)အိမ် (၇)%၊ တောင်သူငယ်(၁၇)အိမ် (၁၁)%၊ အလယ်အလတ်စားတောင်သူ (၁၅)အိမ်(၁၀)%၊ တောင်သူကြီး (၃)အိမ်(၂)%ရှိပါသည်။



(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| မိုးစပါး | ၂၃၄ | တင်း | ၅၀ | ၉၀ | ၇၀ | အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ |
| မတ်ပဲ | ၂၃၄ | တင်း | ၈ | ၁၅ | ၁၁ | အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ဝါးရုံကောက်ကျေးရွာတွင် တောင်သူများသည် မိုးစပါးနှင့် မတ်ပဲ (၂)သီးကို အဓိကစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးသန့်ပွားနည်းပညာအသိမရှိကြခြင်း၊ မျိုးကောင်းမျိုးသန့်မစိုက်ကြခြင်း၊ ပိုးနှင့်ရောဂါကျခြင်းတို့ကြောင့် အထွက်နှုန်းမှာ (၁)ဧကလျှင် ပျမ်းမျှ စပါး(၇၀)တင်းနှင့် မတ်ပဲ(၁၁)တင်းနှုန်းသာထွက်ရှိသဖြင့် အကျိုးအမြတ်ရရှိမှု နည်းပါးကြောင်း လေ့လာတွေ့ရှိရပါသည်။



(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၄ | ၃၀ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| ဆိတ် | ၁ | ၁၂ |
| သိုး | | |
| ဝက် | ၅၄ | ၆၂ |
| ကြက် | ၆၇ | ၁၂၆၈ |
| ဘဲ | ၁၈ | ၁၀၄ |
| နွားနောက် | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | ၅ | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်နွားမွေးမြူသူအိမ်ထောင်စု(၁၄)အိမ်(၉)%၊ ဆိတ်မွေးသူအိမ်ထောင်စု(၁)အိမ်ထောင်၊ ဝက်မွေးမြူသူအိမ်ထောင်စု(၅၄)အိမ်(၃၆)%၊ ကြက်မွေးမြူသူအိမ်ထောင်စု(၉၇)အိမ်၊ (၆၄)%၊ ဘဲမွေးမြူသူအိမ်ထောင်စု(၁၈)အိမ်(၁၂)%ရှိပါသည်။ ကျေးရွာတွင် ချောင်းမှ ယကွင်းများဖြင့် ရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူ(၅)အိမ်(၃)%ရှိပြီး မိုးများပြီး ငါးဆင်းသောရာသီတွင် ငါးအချိန်(၁) ပိဿဝန်းကျင်ထွက်ရှိပြီး ပုံမှန်ရာသီများတွင် အချိန်(၁)ပိဿဝန်းကျင်ထွက်ရှိကြောင်း လေ့လာ တွေ့ရှိရပါ သည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၃ | ၆ | ၂ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | | | | |
| ၇ | လက်လီ–လက်ကား ရောင်းဝယ်ရေး | ၅ | ၅ | ၆ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၁ | | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း(ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၄ | ၄ | ၄ | လတ် |

| | | | | | |
|---|---|---|---|---|---|
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၁၅ ဦး | | | | |

၂၂

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အိမ်ထောင်စုများသည် လက်သမား၊ ပန်းရံလုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေးလုပ်ငန်း၊ ဆိုင်ကယ်ကယ်ရီဆွဲခြင်း၊ နေ့စား ကျပန်းအလုပ်သမားများလည်းရှိပါသည်။ ကျောင်းဆရာ/ဆရာမများလည်းရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။**

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(၅.၁) ဈေး**

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** (**အနီးဆုံး** <u>**တစ်ခုကိုသာ**</u>ဖော်ပြပါရန်) | **အကြီးစားဈေးကွက်** (**အဓိက**<u>**တစ်ခုကိုသာ**</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည်** (**မြို့/ ရွာ**) | ခနေဖြူမြို့နယ်ကျောင်းစုဈေး | ဇလွန်ဈေး |
| **ရွာမှအကွာအဝေး** (**မိုင်**) (**အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်**) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☑ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀မိုင်အထက် ☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်☐ စက်ဘီး☑ဆိုင်ကယ် ☑ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ | ခြေလျင်☐ စက်ဘီး☑ဆိုင်ကယ် ☑ကား/ထော်လာဂျီ ☑ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ |

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး<br>(အနီးဆုံး<br>တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက်<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| | ☐ စက်လှေ ☐ | ☑ စက်လှေ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဝါးရုံကောက်ကျေးရွာသည် စံပယ်ကုန်းချောင်းအနီးတွင်ရှိပြီး ချောင်းတစ်ဖက်ကူးလိုက်ရုံဖြင့် (၅)မိုင်အကွာရှိ ဓနုဖြူမြို့၊ ကျောင်းစုဈေးသို့ရောက်ရှိပါသည်။ သွားလာရေးလည်းလွယ်ကူအဆင်ပြေပါသည်။ ကျေးရွာနှင့် အကြီးစားဈေးကွက်ဖြစ်သော ဇလွန်မြို့ဈေးနှင့် (၁၂)မိုင်ကွာ ဝေးပြီး ပွင့်လင်းရာသီ၌ သွားလာရေးအဆင်ပြေပြီး မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးမကောင်း သဖြင့် သွားလာရန် အခက်အခဲရှိပါသည်။



### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁☐ ၂☐ ၃☑၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁☑၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ☑ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး ☑ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☑ ၅–၁၀ မိုင် ☐ |

| **လမ်း အမျိုးအစား** | **အမျိုးအစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|
| | | | | **၁၀မိုင်အထက်** ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅**

**လေ့လာတွေ့ရှိချက်။** ။ဝါးရုံကောက်ကျေးရွာ၏ ရွာတွင်းလမ်းသည် (၂)မိုင်ခန့်ရှည်လျားပြီး အနံ(၂)ပေ ဖြင့် ကွန်ကရစ်လမ်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် ခင်းထားပါသည်။ လမ်း၏အရည်အသွေးမှာ သင့် တင့်မှုရှိပါသည်။ ကွန်ကရစ်လမ်းတစ်ဖက်တစ်ချက်သည် မြေသားလမ်းများဖြစ်၍ ဆက်သွယ်ရေး ယာဉ်များ မိုးတွင်းအခါ သွားလာရေး အနည်းငယ်အဆင်မပြေမှုရှိပါသည်။ ဝါးရုံကောက်ကျေးရွာနှင့် ဝက်လာကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းလမ်းမှာ အလျား(၁)မိုင်ခန့်၊ အနံ(၁၀)ပေခန့်ရှိပြီး မြေသားလမ်းဖြစ်ပါသည်။ မိုးရာသီတွင် သွားလာရေးခက်ခဲသဖြင့် လမ်းပန်း ဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး အလွန်ခက်ခဲမှုရှိပါသည်။



### (၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

| **သယ်ယူပို့ ဆောင်ရေး** | **Nearest town အကွာအဝေး (မိုင်)** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| ပင်လယ်ရေကြောင်း | ၁ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ဝါးရုံကောက်ကျေးရွာတွင် မြစ်ကြောင်း၊ ပင်လယ်ကြောင်း အသုံးပြုမှု မရှိပါ။ ကျေးရွာဘေးတွင်း ချောင်းသာရှိ၍ ချောင်းမှ ဆက်သွယ်သွားလာဆောင်ရွက်ကြပါသည်။

**(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | ၉ | ၁၄၃ | ၆၃ | | ၃ | | | ၉ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** ။ဝါးရုံကောက်ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး၊ မော်တော်ဆိုင်ကယ်များကို အဓိကအသုံးပြုကြရသည်။ ပွင့်လင်းရာသီတွင် ထော်လာဂျီများနှင့် သယ်ယူ ပို့ဆောင်ရေး ပြုလုပ်ကြပြီး မိုးရာသီတွင် စက်ဘီး၊ ဆိုင်ကယ်များနှင့် သယ်ယူပို့ဆောင်ရေး ပြုလုပ်ကြပါသည်။ ချောင်းမှ စက်လှေငယ်များဖြင့် သွားလာရေး၊ သယ်ယူပို့ဆောင်ရေးလည်း ပြုလုပ်ကြပါသည်။



**(၅.၅) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| ဆိုလာစနစ် | ၄၂ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင်(ဘက်ထရီ) | ၉၀ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ် ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | ၂၀ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လျှပ်စစ်မီးရရှိမှုမှာ ဆိုလာစနစ်အသုံးပြုသော အိမ်ထောင်စု အနည်းငယ်သာရှိပြီး အိမ်ထောင်စုအများစုမှာ ဘက်ထရီမီးနှင့် ဖယောင်းတိုင်၊ ရေနံဆီမီးခွက်တို့ကို အသုံးပြုကြပါသည်။၂၀၁၈ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ထည့်ဝင် ငွေ၊ ကမ္ဘာ့ဘဏ်ထည့်ဝင်ငွေ၊ ပြည်သူထည့်ဝင်ငွေတို့ပူးပေါင်းဆောင်ရွက်သည့် (NEP) ICB-2 ဆိုလာ မီးလင်းရေးအား ကျေးရွာအိမ်ထောင်စု၏လေးပုံတစ်ပုံခန့် အသုံးပြုကြပြီး စီမံကိန်းမှ ကျေးရွာအား အခမဲ့ချပေးထားသော လမ်းမီးတိုင်(၉)တိုင်လည်းရရှိထားသဖြင့် ကျေးရွာမီးလင်းရေး အထိုက် အလျောက် အဆင်ပြေမှုရှိပါသည်။ မဟာဓါတ်အားလိုင်းနှင့် အလှမ်းကွာဝေးသောကြောင့် လျှပ်စစ်မီး အသုံးမပြုနိုင်ကြသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ**

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | **၁၁၀** | **၃၁** | **၅၈** |

**ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။**



**လေ့လာတွေ့ရှိချက်။** ။ဝါးရုံကောက်ကျေးရွာတွင် လက်ကိုင်ဖုန်းများ အိမ်တိုင်းနီးပါး အသုံးပြုနိုင်ကြပြီး

တစ်အိမ်ထောင်တစ်လုံးထက်ပိုမိုသော အိမ်များလည်း အနည်းစုတွေ့ရပါသည်။ ရေဒီယိုနားထောင်သူ အနည်းငယ်သာရှိပါသည်။ ပေါ့တေးဘဲရုပ်သံစက်ကလေးများ အသုံးပြုသူ အနည်းငယ်လည်းရှိပါသည်။

**(၆) ပညာရေး**

**(၆.၁) ကျောင်းတက်နှုန်း**

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၉ | ၃၇ | ၆၆ |
| အလယ်တန်း | ၃၃ | ၂၂ | ၅၅ |
| အထက်တန်း | ၃ | ၁၁ | ၁၄ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၈ | ၁၁ |

**ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး မိဘများ စီးပွားရေးမပြေလည်၍ မူလတန်းပညာရေးပြီးဆုံးပြီး အလုပ်လုပ်နေကြရသော ကလေးငယ်များ များပြားနေပါသည်။ အထက်တန်းပညာရေး မပြီးဆုံး၊ မအောင်မြင်သော လူငယ်အများစုမှာ လုပ်ငန်းခွင်ဝင်ရောက်အလုပ်လုပ်မှုမြင့်တက်နေပါသည်။ အဝေးသင်တက်ရောက်အောင်မြင်ပြီး နောက်အသက်မွေးဝမ်းကျောင်းကြုံရာ၊ အလျဉ်းသင့်ရာ လုပ်ကိုင်ရှာဖွေစားသောက်နေရသော လူငယ်များလည်းရှိပါသည်။ မူလတန်းကျောင်းတက်နေသော ကျောင်းသား (၂၉)ဦး၊ ကျောင်းသူ(၃၇)ဦး၊ စုစုပေါင်း(၆၆)ဦး(၉၆%) ရှိပါသည်။ (၄%)မှာ မိဘစီးပွားရေး အခြေအနေကြောင့် ကျောင်းထွက်သူများဖြစ်ကြပါသည်။ အလယ်တန်း၊ အထက်တန်းကျောင်းသားများသည် နဲ့ကြိုး(အ.ထ.ကခွဲ)နှင့် ကော့ကပ်ကြီး(အ.ထ.က) ကျောင်းများသို့ သွားရောက်ပညာသင်ကြားကြပါသည်။ အလယ်တန်းကျောင်းသား(၃၃ဦး)၊ ကျောင်းသူ (၂၂)ဦး၊ စုစုပေါင်း(၅၅ဦး) (၈၃%)၊ အထက်တန်းကျောင်းသား(၃ဦး)၊ ကျောင်းသူ(၁၁ဦး)၊ စုစုပေါင်း (၁၄ဦး)ရှိပါသည်။ တက္ကသိုလ်/ကောလိပ်တက်နေကြသော ကျောင်းသား(၃)ဦး၊ ကျောင်းသူ(၈)ဦး၊ စုစု ပေါင်း(၁၁)ဦးရှိကြောင်း

တွေ့ရှိရပါသည်။



## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☑ မူလွန်<br>☐ အလယ်တန်း(ခွဲ)<br>☐ အလယ်တန်း<br>☐ အထက်တန်း(ခွဲ)<br>☐ အထက်တန်း<br>☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | (၆၀'x၃၀') | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐<br>သင့်☑ညံ့☐ | ကောင်း☐ သင့်☐<br>ညံ့☐ | ကောင်း☐ သင့်☐<br>ညံ့☐ |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☑ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☑သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☑<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဓ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၁ | ၃ | ၄ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။**

**မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ဝါးရုံကောက်ကျေးရွာ ရွာလယ်ပိုင်းတွင် မူလတန်းကျောင်းဆောင်ကို သွတ်မိုး၊ အုတ်ကာ၊ အင်္ဂတေခင်းပြီး ၂၀၁၆ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။ ကျောင်းဆောင်အကျယ်မှာ (၆၀'x၃၀')(၁)ထပ်ဆောင်ဖြစ်ပါသည်။ ကျောင်းအိမ်သာသည် တိုက်ခန်း(၂)ခန်းတွဲ (၁)လုံးသာရှိ၍ ဆရာ၊ ဆရာမ၊ ကျောင်းသားကျောင်းသူ များအတွက် လုံလောက်မှုမရှိပါ။ ကျောင်းတွင် မူအုပ် မ(၁)ဦး၊ မူပြ ကျား(၁)ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၄)ဦး၊ လုပ်သား(၁)ဦး၊ ကျောင်းသားကျောင်းသူစုစုပေါင်း ကျား(၃၂)ဦး၊ မ(၃၀)ဦး၊ ပေါင်း(၆၂)ဦး ရှိ၍ ဆရာကျောင်းသားအချိုးလုံလောက်သင့်တင့်မှုရှိပါသည်။ ကျောင်းအဝင်လမ်း၊ အိမ်သာလမ်းများမရှိ၍ စွတ်စိုထိုင်းမှိုင်းသောရာသီတွင် သန့်ရှင်းမှု၊ ကျန်းမာမှု ချွတ်ယွင်းချက်ရှိပါသည်။ ကျေးရွာတွင် ပညာရေးကဏ္ဍ၌ မိဘဆရာအသင်း၊ အကျိုးဆောင် ကော်မတီများဖွဲ့စည်းထားရှိပြီး မိဘများနှင့်ကျေးရွာရပ်မိရပ်ဖများမှလည်း ဆရာ၊ဆရာမများနှင့် ပူးပေါင်း၍ လိုအပ်ချက်များကိုဆောင်ရွက်ကြသောကြောင့် ပညာရေးအတွက် အခက် အခဲမရှိ လုပ်ဆောင် နိုင်ပါသည်။ သင်ရိုးသစ်စနစ်ကြောင့် စာသင်ခန်းများ၊ စာသင်ဆောင်များ လိုအပ်မှုရှိပါသည်။ ကျောင်းအုပ်ကြီး ရုံးခန်းသီးသန့်မရှိ၍ ကျောင်းအုပ်ကြီးရုံးခန်းလိုအပ်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်☑ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၄ | အသက်ရှုလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၆ | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ☑ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☑ | မရှိ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ရာသီဖျားရောဂါများ အနည်းငယ်ဖြစ်ပွားပါသည်။ ကျေးရွာတွင် ကျောင်းမနေသူ မွေးရာပါအရိုးပျော့ရောဂါသည် ကျား(၂)ဦး ရှိပါသည်။ ထိုသူများအတွက် သီးသန့်ထောက်ပံ့ရေးအစီအစဉ်မျိုးမရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အခြားအန္တရာယ်ရှိနိုင်သည့်ရောဂါကူးစက်မှုများမတွေ့ကြောင်း သိရှိရပါသည်။



**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| *စဉ်* | **ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)** | *ရှိ* | *မရှိ* |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | | ✔ |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | | ✔ |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✔ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✔ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** **။ကျေးလက်ကျန်းမာရေးဌာနများမှ**ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်များအတွက် ပုံမှန်ဆေးထိုးဆေးတိုက်အစီအစဉ် ရှိပါသည်။ ပိုလီယိုရောဂါကာကွယ်ဆေး၊ ဆင်ခြေထောက်ရောဂါကာကွယ်ဆေး၊ သံချဆေးတိုက်ကျွေးမှုများလည်းရှိပါသည်။



**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☑<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☑ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ဝါးရုံကောက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါသဖြင့် အနီးဆုံး ကျန်းမာရေးဌာနမှာ (၃)မိုင်ခန့်ကွာဝေးသော ကော့ကပ်တိုက်နယ်တွင် ကော့ကပ်တိုက်နယ်ဆေးရုံဖြစ်ပါသည်။ ဇလွန်မြို့နယ်ဆေးရုံနှင့်(၁၀)မိုင်ခန့်အကွာအဝေးတွင်ရှိပြီး ပွင့်လင်းရာသီတွင် သွားလာရန်လွယ်ကူပြီး၊ မိုးရာသီတွင် ဇလွန်မြို့နယ်သို့သွားရာကျေးရွာရွာလမ်းမကြီးသည် အခက်အခဲရှိပါသည်။



## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံး ပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | |

| ရေရရှိနိုင်မှု | အသုံး ပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| အဝီစိတွင်း/ စက်တပ် | ၃၃ | ကောင်း☑သင့်☐ ညံ့☐ | ရာသီမရွေး |
| အဝီစိတွင်း/တိုကင် | ၆၄ | ကောင်း☑သင့်☐ ညံ့☐ | ရာသီမရွေး |
| မိုးရေသိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စု(၁၅၂)လုံးရှိရာတွင် စက်တပ်တွင်းနှင့် တိုကင်တွင်း စုစုပေါင်း (၉၇)လုံး ဖြစ်ပြီး အပိုင်မရှိသည့်အိမ်ထောင်စုများသည် အိမ်နီးနားချင်းများဆီမှ ပူးတွဲ အသုံး ပြုကြပါသည်။ကျေးရွာသည်ရေရရှိမှုနှင့်ပတ်သက်၍နွေ/မိုး/ဆောင်း(၃)ရာသီလုံးလုံလောက်မှုရှိပါသည်။

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၅၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| အိမ်သာမရှိ | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊**



**အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် တွင်းရှိသောရေလောင်းအိမ်သာများကိုအသုံးပြုကြပါသည်။ အိမ် တိုင်း တစ်အိမ်ထောင်စုလျှင် အိမ်သာ(၁)လုံး အသုံးပြုနိုင်ကြပါသည်။ ရေလောင်းယင်လုံအိမ်သာများ

ဖြစ်သည့်အတွက် သန့်ရှင်းမှုရှိပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | အန္တရာယ်ရှိနိုင်သည့်အခြေအနေမျိုးမရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | ။ |
| ၃ | ရေကြီးခြင်း | ။ |
| ၄ | မိုးခေါင်ခြင်း | ။ |
| ၅ | အအေးလွန်ကဲခြင်း | ။ |
| ၆ | မုန်တိုင်း | အန္တရာယ်ရှိနိုင်သည့်အခြေအနေမျိုးမရှိပါ။ |
| ၇ | လျှော | စိုးရိမ်ရသည့်အခြေအနေမျိုးဖြစ်ပွားခြင်းမရှိပါ။ |
| ၈ | မီးဘေး | ။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ။ |
| ၁၂ | ငှက်ဖျားရောဂါ | ။ |
| ၁၃ | တီဘီရောဂါ | စိုးရိမ်ရသည့်အခြေအနေမျိုးဖြစ်ပွားခြင်းမရှိပါ။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ။ |
| ၁၇ | လူကုန်ကူးခြင်း | ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | ။ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ဝါးရုံကောက်**ကျေးရွာတွင် ဘေးအန္တရာယ်ထိခိုက်မှုမရှိသလောက်နည်းပါးပြီး ဘေးအန္တရာယ် ကျရောက်မှုမရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၅

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| **မြေဆီသြဇာအခြေအနေ** | **နိမ့်** | **သဘာဝအန္တရာယ်ဖြစ်မှုနည်းပါသည်။** |
| **အပင်မျိုးစိတ်များ** | **နိမ့်** | ။ |
| **ရေအရင်းအမြစ်** | **နိမ့်** | ။ |
| **အခြားတိရစ္ဆာန်မျိုးကွဲများ** | **လတ်** | **ရာသီအလိုက်ရောဂါဖြစ်ပွားမှုရှိပါသည်။** |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ဝါးရုံကောက်ကျေးရွာသည် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ နည်းပါးသောကြောင့် သဘာဝပတ်ဝန်းကျင်နှင့်ဆက်စပ်၍ မြေဆီမြေသြဇာများနှင့် အပင်မျိုးစိတ်များလည်း အန္တရာယ်ရှိနိုင်သည့် အခြေအနေနိမ့်ပါသည်။ မွေးမြူရေးပိုင်းနှင့်ပတ်သက်၍ ရာသီအလိုက် ရောဂါများ ဖြစ်ပွားမှုရှိပါသဖြင့် ဖြစ်ထွန်းသင့်သလောက် ဖြစ်ထွန်းအောင်မြင်မှုမရှိပါ။ စိုက်ပျိုးရေးပိုင်းနှင့် ပတ်သက်၍ တောင်သူအနည်းစုသာ မိရိုးဖလာစနစ်ကို သုံးစွဲနေသည်ကိုတွေ့ရှိရပါသည်။ ပေါင်းသတ်ဆေးဆိုးကျိုးကြောင့်အပင်မျိုးစုံကွယ်ပျောက်လာပါသည်။

**(၁၀ ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ***ရှိ*** ☑ | ***မရှိ*** ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ***ရှိ*** ☑ | ***မရှိ*** ☐ |

**ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွက် လမ်းခင်းခြင်းလုပ်ငန်း၊ ရာသီအလိုက်ပွဲတော်များတွင် အမျိုးသမီးထု ခေါင်းဆောင်ခဲ့သော အခြေအနေများစွာရှိပါသည်။ အမျိုးသားများနှင့် ရင်ဘောင်တန်း ပါဝင်နိုင်ကြပါသည်။ ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်းစသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေး

အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ ဦးဆောင်မှုတရားပွဲများဖြင့် ကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူ အခွင့် အရေးရှိပါသည်။